ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၁ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ ၁ ရက်

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် (၂၅-၉-၂၀၁၇) ရက်နေ့ မွန်းလွဲ (၁:၁၅) နာရီအချိန်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ရောက်ရှိပြီး အကောက်ခွန်ဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ လမ်းညွှန်မှာကြားခဲ့ရာတွင် နိုင်ငံတာဝန်များထမ်းဆောင်ရာ၌ ဌာန၏ပုံရိပ်နှင့် သမိုင်းကြောင်းကောင်းမွန်စေရေးအတွက် ရိုးသားဖြောင့်မတ်မှု ၊ စာနာထောက်ထားမှုနှင့် မှန်ကန်သောအကျင့်စရိုက်များဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် ၊ နိုင်ငံတော်အစိုးရ၏ ဦးတည်သွားနေသော လမ်းကြောင်းနှင့်အညီ ကြိုးစားအားထုတ် လုပ်ကိုင်သွားကြရန် ၊ အပြစ်အနာအဆာ နှင့် အဂတိတရားလေးပါးကင်းရှင်းစွာ ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်နှင့် ဌာနကောင်းမွန်စေရန် ဝန်ထမ်းအားလုံးမှ ပြုပြင်ပြောင်းလဲမည်ဟူသောခံယူချက်၊ သန္နိဋ္ဌာန်စိတ်တို့ဖြင့်မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပြီး တွေ့ဆုံပွဲအခမ်းအနားအား မွန်းလွဲ (၁:၅၀) အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ စုစုပေါင်း အရာထမ်း (၅၇) ဦးတက် ရောက်ခဲ့ကြပါသည်။

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ဝန်ထမ်းသား/သမီးများအား ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ် ထောက်ပံ့ခြင်း အခမ်းအနားကျင်းပခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာလ (၂၁) ရက်နေ့ (၀၉:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ဝန်ထမ်းသား/သမီးများအား ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ် ထောက်ပံ့ခြင်း အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သား/သမီးများအား ပညာရည်ထူးချွန်ဆုများချီးမြှင့်၍ ပညာသင်ထောက်ပံ့ကြေးငွေများပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း အမှုထမ်းများ ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော ဝန်ထမ်း သား/သမီးများနှင့် မိဘများတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှု သင်တန်းအမှတ်စဉ် (၃၉) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း




အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၃၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာလ (၄) ရက်နေ့တွင် ရန်ကုန်မြို့ ၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ခန်းမ၌ ကျင်းပပြုလုပ်ရာ အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MIFFA) ၊ မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MCBA) နှင့် သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ အကောက်ခွန်ဦးစီးဌာနမှ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၄) ပတ်ကြာမြင့်ခဲ့ပါသည်။

# အကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



၂၀၁၇ ခုနှစ် ၊ စက်တင်ဘာလ (၁၁) ရက်နေ့ နံနက် (၈:၃၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမတွင် အကောက်ခွန်မှူးသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် သင်တန်းသား (၁၅) ဦး တို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၄) ပတ်ကြာမြင့်မည်ဖြစ်ပါသည်။

# စာရေးအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



၂၀၁၇ ခုနှစ် ၊ စက်တင်ဘာလ (၁၁) ရက်နေ့ နံနက် (၉:၃၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမတွင် စာရေးအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် သင်တန်းသား (၃၆) ဦး တို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၄) ပတ်ကြာမြင့်မည်ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၂၁၆.၀၈၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီးဖမ်းဆီးမှုမှာ (၃၆၇) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၃၂၁၆.၀၈၉) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်







လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၈) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၂၁.၂၀၀) သန်းခန့် ရှိသည့်အနက် ၁၀-၉-၂၀၁၇ ရက်နေ့တွင် Emriate Air လေကြောင်းလိုင်းဖြင့် ဒူဘိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ Ebee Plus Drone, EP.11.17266, C/O-Switzerland , GPS Accessories TRK GPS-Trimble R8 Serial Number-57080.00 (2) Nos ခန့်မှန်းတန်ဖိုးကျပ် (၃၅) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၂၁၆.၀၈၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း






ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၁၀) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၆၇၆.၄၀၆) သန်းခန့်ရှိသည့်အနက် ၂၂-၉-၂၀၁၇ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ သစ်ကုန်သေတ္တာ (၂၀) ပေ (၁၆) လုံး အား သစ်တောဦးစီးဌာန (တောင်ဒဂုံ ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ဆိပ်သဘော်တင်ဝန်း) တွင် သစ်တောဦးစီးဌာန ၊ မြန်မာ့သစ်လုပ်ငန်းနှင့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများမှ (၂၃-၉-၂၀၁၇) ရက်နေ့မှ (၂၆-၉-၂၀၁၇) ရက်နေ့ထိ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပိတောက်သစ်ခွဲသား နှင့် တမလန်းသစ်ခွဲသား စုစုပေါင်း (၁၅၆.၆၉၇၈) တန် ၊ (၁၂၄၄) ချောင်း ၊ ခန့်မှန်းတန်ဖိုးကျပ် (၄၇၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၁၆.၀၈၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၄၉) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၂၄၁၈.၄၈၃) သန်းခန့်ရှိသည့်အနက် ၆-၉-၂၀၁၇ ရက်နေ့တွင် သတင်းအရ (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့ နှင့် မူးယစ်တပ်ဖွဲ့ဝင်များမှ ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ မူဆယ်မှ နေပြည်တော်သို့သွားရောက်မည့် GI Group ခရီးသည်တင် မှန်လုံယာဉ် လိုင်းဖြင့် ထိုင်ခုံအမှတ် (၇) တွင် လိုက်ပါလာသူ ခရီးသည်၏ ပန်းရောင် အတွင်းခံ ဇာဘော်လီအတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ပတ်ထားသည့် အပြာရောင်ပလပ်စတစ်ကပ်ခွာ အိတ် အတွင်းထည့်လျက် “ 88 နှင့် I ” စာတမ်းတစ်ဖက်စီပါ စိတ်ကြွရူးသွပ်ဆေးပြား (၂၀၀) ပြားစီပါ (၆) ထုပ် နှင့် အနက်ရောင်အတွင်းခံဘောင်းဘီတိုအတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ပတ်ထားသည့် အပြာရောင်ပလပ် စတစ်ကပ်ခွာအိတ် အတွင်းထည့်လျက် “ 88 နှင့် I ” စာတမ်းတစ်ဖက်စီပါ စိတ်ကြွရူးသွပ်ဆေးပြား (၂၀၀) ပြားစီပါ (၄) ထုပ် ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၀) သန်းခန့်အား စစ်ဆေး တွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၁၆.၀၈၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၃၁-၈-၂၀၁၇ ရက်နေ့တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများပြုလုပ်စဉ် မိုင်တိုင် အမှတ် (၁၉၃) မိုင် နှင့်(၁၉၆) မိုင် (၆) ဖာလုံ အနီး၌ ရပ်တန့်ထားသော Super Custom ယာဉ် (၁) စီး နှင့် Howo A7 (၂၂) ဘီးယာဉ် (၁) စီးတို့အား မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခါးရွှေသစ် (၁၅၁) တုံး (၇.၇၈၇၂) တန် ၊ ပိတောက်သစ်လုံး (၁၃) လုံး (၁.၅၁၆) တန် ၊ ပိတောက်တိုင် (၁၈) လုံး (၁.၃၃၄) တန် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၂) စီး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၈၀.၄၁၁) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၁၆.၀၈၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၉-၉-၂၀၁၇ ရက်နေ့တွင် သတင်းအရ မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၃) မိုင် (၆) ဖာလုံ ၊ မိုင်းလီရွာအနီး၌ Express ယာဉ် (၁) စီး နှင့် Nissan March ယာဉ် (၁) စီးတို့အား မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍စစ်ဆေးရာ ယာဉ်၏နောက်ခြမ်းတွင် အကန့်များပြုလုပ်၍လည်းကောင်း ၊ ယာဉ်နောက်ခြမ်း၏အောက်ဘက်တွင် အံဝှက်ပြုလုပ်၍လည်းကောင်း၊ ဆီတိုင်ကီထဲတွင် အံဝှက်ပြုလုပ်၍ လည်းကောင်း ၊ ယာဉ်၏ နောက်ထိုင်ခုံအောက်ဘက်တွင် အံဝှက်ပြုလုပ်၍လည်းကောင်း ၊ ယာဉ်၏ဒက်ရှ်ဘုတ်ထဲတွင် အံဝှက်ပြုလုပ်၍လည်းကောင်း သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး (၁၂၀၇) ကီလို နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၂) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၈၂.၈၅၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၁၆.၀၈၉) သိန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှု အနေဖြင့် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ရွှေရတနာ ခရီးသည်တင်ယာဉ်အား ကြို့တင်သတင်းပေး တိုင်တန်းချက်အရ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် FORTANT DE FRANCE Wine (1x12x0.75L)(2016) 73 Pkgs ၊ CHATEAU DES GRAVETTES Wine (1x12x0.75L) (2014) 47 Pkgs ၊ CHATEAU DES GRAVETTES Wine (1x12x0.75L) (2011) 38 Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၉.၁၂) သိန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ အောက်တိုဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၄.၈ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၂၈၁.၆၈၅ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၃ မှု | ၁၃ မှု | ၁၄၀.၅၉၃ သန်း |
| | စုစုပေါင်း | - | ၁၇ မှု | ၁၇ မှု | ၄၂၇.၀၇၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၀-၉-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ နှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၃၅) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂၀၉၄.၄) သန်းခန့် အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်းများအား (၁၉-၉-၂၀၁၇) ရက်နေ့တွင် အိတ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်းမှ ဥက္ကဋ္ဌ အဖြစ်ပါဝင်သောတင်ဒါရောင်းချရေးအဖွဲ့ဖြင့် တင်ဒါအုပ်စု (၃) စုအား ဈေးပြိုင်တင်ဒါရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၉၆.၁၇၀) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Diesel Fuel များကို Re export တင်ပို့မည်ဖြစ်ပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2710.19.17 ဖြစ်ပြီး အကောက်ခွန် 1.5% ကုန်သွယ်လုပ်ငန်းခွန် 0% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။







အိန္ဒိယနိုင်ငံထုတ် Cotton ပိတ်စများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 5209.90.00 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

ဗီယက်နမ် နိုင်ငံထုတ် Plastic Door Frme များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 3925.20.00 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2%ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။






Feeding Machinery များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8436.10.10 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Sim Card ထည့်၍ အသုံးပြုရသော Tablet များ တင်သွင်းလိုပါသဖြင့် ဆက်သွယ်ရေးထောက်ခံချက်လို/မလို ၊ HS Code နှင့် Duty Rate အား မေးမြန်းရာ ဆက်သွယ်ရေးထောက်ခံချက်လိုအပ်ကြောင်း HS Code မှာ 8523.52.00 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။





Electric Balance Scooter (47kg) ၏ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8711.60.92 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

ပရိဘောဂ ပစ္စည်းများ တင်ပို့လိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 9401.00.00 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။



2017 H.S စာအုပ်အသစ်အား ထွက်ရှိခြင်း ရှိ/မရှိ မေးမြန်းရာ ထွက်ရှိနေပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ ပါသည်။